ပုံစံ(၁၁)

**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၂၃(စ) }**

**ခုံအဖွဲ့**

၂၀၁၆ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၇၈/၂၀၁၆)

| | |
|---|---|
| ဦးအိုက်ထွန်း (ပိုင်ရှင်)၊<br>ဦးမောင်မောင်စိုး(HR မန်နေဂျာ)<br>ဖူးရှင်းဘရားသားကုမ္ပဏီ၊<br>ခြံအမှတ် ၈၂/၂၀၊ ရတနာပုံတက္ကသိုလ်လမ်း၊<br>ပြည်ကြီးတံခွန်မြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးမင်းမင်း(၂)၊ ဦးအောင်ပြည့်မောင်(အလုပ်သမား)<br>ဖူးရှင်းဘရားသားကုမ္ပဏီ၊<br>ခြံအမှတ် ၈၂/၂၀၊ ရတနာပုံတက္ကသိုလ်လမ်း၊<br>ပြည်ကြီးတံခွန်မြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ လ ၂၁ ရက်

**ဆုံးဖြတ်ချက်**

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ ဦးအိုက်ထွန်း (ပိုင်ရှင်) ပိုင်ဆိုင်သော ဖူးရှင်းဘရားသားကုမ္ပဏီနှင့် ဦးမင်းမင်း(၂)၊ ဦးအောင်ပြည့်မောင်တို့အကြား ဖြစ်ပွားကြသော အငြင်းပွားမှုကို ပြည်ကြီးတံခွန်မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်သော်လည်း ပြေလည်မှုမရရှိသဖြင့် မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၁၀/၂၀၁၆)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ လ၂၃ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ ဦးမင်းမင်း(၂)နှင့် ဦးအောင်ပြည့်မောင်တို့မှ တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ထုတ်ခံရသဖြင့် အလုပ်ပြန်လည်ခန့်ထားပေးရန်နှင့် ကြားကာလနစ်နာကြေးပေးရန် တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက် (၁) ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှ အောက်ပါကောက်ချက် (၁) ချက်ပေါ်တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်သမား ဦးမင်းမင်း(၂)နှင့် ဦးအောင်ပြည့်မောင်တို့မှ အလုပ်မှ ထုတ်ပယ်ခြင်းခံရသဖြင့် အလုပ်ပြန်လည်ခန့်ထားပေးပါရန်နှင့် ကြားကာလနစ်နာကြေးရရှိလိုကြောင်း တောင်းဆိုခြင်း။

**ဆုံးဖြတ်ချက်အမှတ်(၁)။** အလုပ်သမား ဦးမင်းမင်း(၂)နှင့် ဦးအောင်ပြည့်မောင်တို့အား အလုပ်ပြန်လည်ခန့်ထားပေးရန်နှင့် ကြားကာလနစ်နာကြေးပေးရန် မလိုကြောင်းဆုံးဖြတ်သည်။

၅။ မန္တလေးတိုင်းဒေသကြီး၊ခုံသမာဓိအဖွဲ့၏(၁၀/၂၀၁၆) ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် ဦးအိုက်ထွန်း (ပိုင်ရှင်) ပိုင်ဆိုင်သော ဖူးရှင်းဘရားသားကုမ္ပဏီမှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ်(၅၆/၂၀၁၆)ဖြင့် ခုံသမာဓိကောင်စီအမှုအမှတ်(၇၈/၂၀၁၆)အား ကြားနာစစ်ဆေးမည့် အစိုးရကိုယ်စားလှယ် ဦးအေးငွေ၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးထွန်းအောင်၊ အလုပ်သမားကိုယ်စားလှယ် ဦးဌေးတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှအမှုတွဲကို လက်ခံရရှိပြီးနောက် နှစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှတ်တမ်း၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီရှေ့မှောက် ထွက်ဆိုချက်မှတ်တမ်းများနှင့် တင်ပြလာသော စာရွက်စာတမ်း အထောက်အထားများအပေါ်အခြေခံ၍ စိစစ်လေ့လာသုံးသပ်ခဲ့သည်။ ထို့ပြင် အလုပ်သမားနှင့် အလုပ်ရှင်တို့အား ခုံအဖွဲ့ရှေ့မှောက်သို့ ဆင့်ဆိုမေးမြန်းမှုများမှ နောက်ဆုံးရရှိသည့် ထွက်ဆိုတင်ပြချက်များအပေါ်မူတည်၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည် -

**ကောက်ချက်အမှတ်(၁)။** အလုပ်သမား ဦးမင်းမင်း(၂)နှင့် ဦးအောင်ပြည့်မောင်တို့၏ အလုပ်ပြန်လည်ခန့်ထားပေးရန် တောင်းဆိုချက်အပေါ် ခွင့်ပြုပေးရန်သင့်/မသင့်။

**လေ့လာတွေ့ရှိချက်အမှတ်(၁)**

၇။ ဤအငြင်းပွားမှုမှာ ဖူးရှင်းဘရားသားကုမ္ပဏီပိုင်ရှင် ဦးအိုက်ထွန်းနှင့် အလုပ်သမားနှစ်ဦးဖြစ်ကြသည့် ဦးမင်းမင်းနှင့် ဦးအောင်ပြည့်မောင်တို့အကြား ဖြစ်ပွားသည့်အငြင်းပွားမှုဖြစ်သည်။

၎င်းတို့ (၂)ဦးသည် ဩဂုတ်လအတွင်း ခွင့်မဲ့အလီလီဖြင့် (၅)ရက်စီ ပျက်ကွက်ခဲ့ကြသည့်အတွက် အလုပ်ရှင်က အလုပ်မှထုတ်ပယ်ခဲ့ခြင်းဖြစ်ပါသည်။

၈။ အလုပ်ရှင်သည် အလုပ်သမားများကို အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက် စာချုပ်ဖြင့် ခန့်ထားလုပ်ကိုင်ခြင်းဖြစ်ကြောင်းတွေ့ရှိရပြီး၊ ထိုသဘောတူညီချက်ပါ စည်းကမ်းချက်နှင့်အညီ၊ တစ်လအတွင်း ခွင့်မဲ့စုစုပေါင်း (၅)ရက်ပျက်ကွက်သူများဖြစ်၍ အလုပ်မှထုတ်ပယ်ရခြင်းဖြစ်ကြောင်း တင်ပြထွက်ဆိုထားသည်ကို တွေ့ရှိရပါသည်။

၉။ အလုပ်သမားများဘက်မှ ထွက်ဆိုတင်ပြရာတွင် အဆိုပါ ဩဂုတ်လအတွင်း ၎င်းတို့နေထိုင်ရာ အမရပူရမြို့ရှိရပ်ကွက်များ၌ ရေကြီးမှုဖြစ်ပေါ်ခဲ့ခြင်းကြောင့် ခွင့်မဲ့ပျက်ကွက်ရခြင်းဖြစ်ပါကြောင်း၊ သို့ရာတွင် ခွင့်မဲ့ပျက်ကွက်ပြီး၊ နောက်တစ်နေ့အလုပ်ပြန်တက်သည့်နေ့တွင် ၎င်းတို့သည် သက်ဆိုင်ရာတာဝန်ရှိသူများကို အကျိုးအကြောင်းတစ်စုံတစ်ရာပြောဆိုရှင်းပြရန် ဝတ္တရားပျက်ကွက်မှုရှိခဲ့ပါကြောင်း ထွက်ဆိုပြောကြားထားသည်ကို တွေ့ရှိရပေသည်။

၁၀။ အလုပ်ရှင်ဘက်မှ ပြောကြားရာ၌ အထက်ပါအတိုင်း ရေဘေးဒဏ်ခံနေသည့်အလုပ်သမားများ အလုပ်ပျက်ကွက်ပါက ခွင့်မဲ့မသတ်မှတ်ပါရန် အခြေခံအလုပ်သမား အဖွဲ့အစည်း ဥက္ကဋ္ဌ ဦးနေလင်းအောင်က HR မန်နေဂျာဖြစ်သူအား ၅-၈-၂၀၁၆ ရက်နေ့တွင် နှုတ်ဖြင့်တင်ပြခဲ့မှုရှိခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

၁၁။ ထို့သို့ပြောဆိုပြီးနောက် ဦးနေလင်းအောင်သည် (၇-၈-၂၀၁၆)ရက်နေ့မှ (၁၄-၈-၂၀၁၆) ရက်နေ့အထိ ရန်ကုန်မြို့၌ ကျင်းပသည့် ILO သင်တန်းသို့ တက်ရောက်ခဲ့ရသည့်အတွက် ၎င်းအနေဖြင့် အလုပ်သမားများ၏ခွင့်မဲ့ပျက်ကွက်သည့်ကိစ္စကို HR မန်နေဂျာထံ ထပ်မံတင်ပြနိုင်ခြင်းမရှိခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

၁၂။ အလုပ်ရှင်၏တင်ပြချက်တွင် ထပ်မံလေ့လာတွေ့ရှိရသည်မှာ ဩဂုတ်လအတွင်း အမရပူရမြို့ရပ်ကွက်များရေကြီးခဲ့သော်လည်း ဦးမင်းမင်းနှင့် ဦးအောင်ပြည့်မောင်တို့၏ ရပ်ကွက်များရေကြီးခြင်းမရှိကြောင်း၊ ရေတကယ်ကြီးသည့်အချို့သောရပ်ကွက်မှအလုပ်သမားများပင် အလုပ်သို့လာရောက်နိုင်ကြပြီး၊ အလုပ်မပျက်ကွက်ကြပါဟူ၍ ဖြည့်စွက်တင်ပြထားပေသည်။

**သုံးသပ်ချက်အမှတ်(၁)**

၁၃။ အလုပ်ရှင်ကိုယ်စားတက်ရောက်လာသူ ဦးမောင်မောင်စိုးနှင့် အလုပ်သမား နှစ်ဦးကိုယ်စား တက်ရောက်လာသူ ဖူးရှင်းဘရားသားကုမ္ပဏီ၊ အခြေခံအလုပ်သမားအဖွဲ့အစည်းဥက္ကဋ္ဌ ဦးနေလင်းအောင် က ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့ရှေ့မှောက်တွင် ဝန်ခံကတိပြုကြရာတွင် အကယ်၍ အလုပ်ရှင်က အလုပ်သမားနှစ်ဦးအတွက် ကရုဏာကြေးအဖြစ် တစ်ဦးလျှင် ကျပ် ၅၀၀,၀၀၀ (ကျပ်ငါးသိန်းတိတိ)ပေးမည်ဆိုပါက အလုပ်ပြန်လည်ခန့်ထားရန် တောင်းဆိုမှု

ကိုရုပ်သိမ်းမည် ဖြစ်ပါကြောင်းတင်ပြရာ၊ အလုပ်ရှင်ကိုယ်စားလှယ်ဖြစ်သူကလည်း တစ်ဦးလျှင် ကျပ် ၅၀၀,၀၀၀(ကျပ်ငါးသိန်းတိတိ)စီပေးရန် ခုံအဖွဲ့ရှေ့မှောက်တွင် ဝန်ခံကတိပြုခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် နှစ်ဦးနှစ်ဖက်တို့ကို ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့ရှေ့မှောက်တွင် ဝန်ခံကတိပြုချက်ကို သီးခြားလက်မှတ်ထိုးခဲ့ကြပါသည်။

၁၄။ အထက်ပါအခြေအနေများကြောင့် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့အနေဖြင့် အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

**ဆုံးဖြတ်ချက်အမှတ်(၁)။** မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၁၀/၂၀၁၆) အပေါ် ချမှတ်ခဲ့သည့်ဆုံးဖြတ်ချက်ကို ပယ်ဖျက်၍ အလုပ်ရှင်သည် အလုပ်ရပ်စဲခံရသည့် အလုပ်သမား (၂)ဦးဖြစ်သော ဦးမင်းမင်း(၂)နှင့် ဦးအောင်ပြည့်မောင်တို့အတွက် တစ်ဦးလျှင် ကရုဏာကြေး ကျပ် ၅၀၀,၀၀၀ (ကျပ်ငါးသိန်းတိတိ)စီပေးရန် ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

| | | |
|---|---|---|
| ဦးထွန်းအောင် | ဦးအေးငွေ | ဦးဌေး |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |